# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# [ ၉–၂–၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ်အတွင်းရှိ သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရသော လမ်း၊ တံတားများမှာ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်ပါသောကြောင့် ပြည်ထောင်စုသီးသန့် ရန်ပုံငွေမှ ခွင့်ပြုပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **ဒီပဲယင်းမြို့နယ်အတွင်းရှိ ညောင်လှကျေးရွာနှင့် ရွှေဘို–မုံရွာခရိုင်ချင်းဆက်လမ်းအထိ ၁၂ မိုင်ခန့်ရှည်လျားသော မရကန်မြောင်းခွဲပေါ်ရှိ ဆည်မြောင်းဌာနပိုင် လမ်းကို ရာသီမရွေးသွားလာနိုင်သည့် လမ်းအဖြစ် အဆင့်မြှင့်တင် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **စက်မှုလယ်ယာသို့ အလုံးစုံမကူးပြောင်းမီတွင် ခိုင်းကျွဲ/ခိုင်းနွား သတ်ဖြတ်မှုကို ထိန်းချုပ်မည့် အစီအစဉ်ရှိ၊ မရှိနှင့် ခိုင်းကျွဲ၊ ခိုင်းနွားများ လုံလောက်မှု ရှိစေရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိလိုခြင်း** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်က တင်သွင်းသည့် **"ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေးအတွက် ကျေးလက်အိမ်ရာများနှင့် လမ်းတံတားများ စနစ်တကျနေရာချထားပြီး မြေငှားဂရန်များ ပြုလုပ်ပေးရန်နှင့် အဆင့်မြင့် လယ်ယာစိုက်ပျိုး မွေးမြူရေးလုပ်ငန်း အပါအဝင် အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများဖြင့် ဘက်စုံဖွံ့ဖြိုးအောင် စီမံချက်ချမှတ် အကောင်အထည်ဖော်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုအောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ခ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၊

(ဂ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(ဃ) ဦးနိုင်ထူးအောင်၊ နွားထိုးကြီး မဲဆန္ဒနယ်၊

(င) ဦးဝင်းထွဋ်၊ ဖျာပုံ မဲဆန္ဒနယ်၊

(စ) ဦးဇော်သိန်း၊ ဝါးခယ်မ မဲဆန္ဒနယ်၊

(ဆ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၊

(ဇ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ဈ) ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ည) ဦးဌေးဌွေ၊ မြောင် မဲဆန္ဒနယ်၊

(ဋ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

(ဌ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၊

(ဍ) ဒုတိယဗိုလ်မှူးကြီးမိုးကျော်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဎ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၊

(ဏ) ဦးမျိုး၊ ချောင်းဦး မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက **"ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **"ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၁၀။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **"ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။